**တလေတယောက်** နှ၊ <t-lei t-yaut> 个别的一个人,单独一个人

**တလေတည်းတသံတည်း** ကဝ၊ <t-lei hte: t-than hte:> 异口同声,一个腔调: နှုတ်ဖြေစာမေးပွဲတွင် ～ ဖြေဆိုကြသည်။ (学生们)在口试中,回答得一模一样。

**တလော** နှ၊ <t-law:> ①一次 ②前些日子,前不久

**တလောတခါ** နှ၊ <t-law: t-kha> 一次

**တလံ** နှ၊ <t-lan> ①一庹(成人两臂左右伸直,从右手指尖到左手指尖的长度,约合五尺) ②两双(四个)(成双数数时用)如: တပြူး၊ ～၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုး 二、四、六、八、十

**တလုံ့တလ** ကဝ၊ <t-lon' t-la'> 不懈地,顽强地: ညီမငယ်မှာ ကျောင်းစာကို ～ ကျက်လေ့ရှိသည်။ 小妹妹常刻苦地复习功课。

**တလုံနွေးနွေး** ကဝ၊ <t-lon nwei: nwei:> = တအုံနွေးနွေး

**တလုံလဲလဲ** ကဝ၊ <t-lon le: le:> = ထပ်ကာတလဲလဲ

**တ....လုံး** ပ၊ <t-...lon:> 中间加名词或量词表示"整……""全……": တကျောင်းလုံး 全校 / တမနက်လုံး 整个早晨 / တပြည်လုံး 全国 / တချိန်လုံး 整段时间 / တမျက်နှာလုံး 满脸

**တလုံးတခဲ** ကဝ၊ <t-lon: t-khe:> 整块,整团,成批,成叠: ～ ဝယ်ယူသည်။ 大量购买。/ ငွေကြေး ～ ရသည်။ 得到一大笔钱。

**တလုံးတစည်း** ကဝ၊ <t-lon: d-zi:> 集体地,整体地: ပြည်သူတရပ်လုံး～တော်လှန်ကြသဖြင့်လွတ်လပ်ရေးကိုရယူနိုင်ခဲ့သည်။ 全国人民团结一致进行革命,终于赢得了独立。

**တလုံးတပါဒ** ကဝ၊ <t-lon: t-pa da'> 一个字……,一点儿,丝毫(一般用于否定句): ～ မျှမကောင်းမပြောချေ။ 没说一个坏字。

**တလုံးတဝတည်း** ကဝ၊ <t-lon: t-wa' de:> 全部地,整个地: သင်တို့၏လိုအင်ဆန္ဒများ ～ ပြည့်ဝပါစေ။ 祝你们的愿望全部实现。

**တလုံးလုံး** ကဝ၊ <t-lon: lon:> ①大量地: ချွေး ～ နဲ့တာဖို့နေကြတယ်။ 大家满头大汗地在筑坝。/ ဖုန် ～ ထတယ်။ 尘土飞扬。②某一个: ကြိုက်ရာပန်းသီး ～ ယူပါ။ 随便拿哪个苹果都行。

**တလက်စတည်း** ကဝ၊ <t-let sa' de:> 趁便,顺便: သူ့စက်ဘီးကိုပါ～ပြင်ပေးလိုက်ပါဗျာ။ 请你顺便把他的自行车也修一修。

**တလောက်လက်လက်** ကဝ၊ <t-laut let let> 不安静地

**တလင်ကွာ** နှ၊ <t-lin gwa> 离过一次婚的妇女

**တလင်း** နှ၊ <t-lin:> ①打谷场 ②场地

**တလင်းကျံ** က၊ <t-lin: kyan> 整修打谷场

**တလင်းခေါက်** က၊ <t-lin: khaut> 把打谷场碾平

**တလင်းတက်** က၊ <t-lin: tet> 收割完毕: ～ ပွဲ 庆祝收获的活动

**တလင်းတက်ကျိဝင်** နှ၊ <t-lin: det kyi win> 收割入仓完毕的时候

**တလင်းနယ်** က၊ <t-lin: ne> 压场

**တလင်းပြင်** နှ၊ <t-lin: byin> =တလင်း

**တလင်းသား** နှ၊ <t-lin: dha:> 私生子

**တလင်းသိမ်း** က၊ <t-lin: thein:> 打完场

**တလောင်းလောင်း** ကဝ၊ <t-laun: laun:> = တလှောင်းလှောင်း

**တလိုင်း** နှ၊ <t-lain:> 孟族,得楞族

**တလိုင်းကောင်** နှ၊ <t-lain: gaun>【动】金鸻 Pluvialis dominca

**တလိုင်းနို့** နှ၊ <t-lain: no'>【植】葳篓枇 Willoughbeia edulis Roxb

**တလိုင်းပိန္နဲ** နှ၊ <t-lain: pein: ne:>【植】木波萝 Artocarpus integrifolia, Linn Talaing Jack Fruit

**တလိုင်းအိမ်** နှ၊ <t-lain: ein> 前面一层后面两层的房子

**တလည်လည်** ကဝ၊ <t-le le> 转来转去: မိမိကိုမိမိ ～ မေးလာသည်။ 反复地问着自己。

**တလည်း** နှ၊ <t-le:/th-le:>【植】石榴

**တလုတ်တဆုပ်** နှ၊ <t-lout t-hsout> 一口(饭)

**တလန့်တကြား** ကဝ၊ <t-lan' t-kya:> 惊慌地: ပေါက်ကွဲသံကြောင့် ～ ဖြစ်သွားသည်။ 爆炸声引起人们惊慌不安。

**တလိန်း** နှ၊ <t-lein:> 油灰,泥子

**တလိန်းကိုင်** က၊ <t-lein: kain> 用 တလိန်း 补(洞、缝)

**တလိန်းကျံ** က၊ <t-lein: kyan> = တလိန်းကိုင်

**တလိန်းထေး** က၊ <t-lein: htei:> 补船

**တလိန်းထိုး** က၊ <t-lein: hto:> ①补船 ②搅和在一起

**တလုပ်ပဲ** နှ၊ <t-lout pe:>【植】棉豆(又称金甲豆、香豆、雪豆) Phaswolus lunatus, Linn

**တလမ်းမောင်း** နှ၊ <t-lan: maun:> (车辆的)单行线

**တလမ်းသွား** နှ၊ <t-lan: dhwa:> 生前作孽死后入地狱的人

**တလိမ့်ခေါက်ကွေး** ကဝ၊ <d-lein' khaut kwei:> = ဒလိမ့်ခေါက်ကွေး

**တလိမ့်တလိမ့်** ကဝ၊ <d-lein' d-lein'> = တလိမ့်လိမ့်

**တလိမ့်တုံး** နှ၊ <d-lein' don:> = ဒလိမ့်တုံး

**တလိမ့်လိမ့်** ကဝ၊ <t-lein' lein'> 滚滚地: မျက်ရည်များ ～ ကျဆင်းရှိုက်သည်။ 泪如雨下。

**တလျားတန်** နှ၊ <t-lya: t-nan> 将砖横一层竖一层地堆砌

**တလွဲ** ကဝ၊ <t-lwe:> 错误地: ကိုစန်းအောင်ကလဲ ～ အောက်မေ့နေတာကိုး။ 哥山昂误解了。

**တလွဲတချော်** ကဝ၊ <t-lwe: t-khyaw> 错误,误会: ～ မတွေးပါနဲ့။ 别瞎想。

**တလွမ်းတဆွေး** ကဝ၊ <t-lwan: t-hswei:> 眷念,怀念

**တလှေကြီး** နှ၊ <t-hlei gyi:> 许多: ဆွေမျိုးတွေ ～ ရှိရက်နဲ့ဘယ်သူမှမလာကြဘူးလား။ 有那么多亲戚,谁都不来吗?